## မာတိကာ


မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား ၃

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၃

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၃

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၄

(က) သီးနှံစိုက်ပျိုးရေး ၄

**(ခ)** မွေးမြူရေးလုပ်ငန်း ၄

**(ဂ)** စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ ၅

**(ဃ)** ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၅

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၅

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး ၅

(ခ ) ကျေးရွာမီးလင်းရေး ၆

(ဂ) သတင်းနှင့် ဆက်သွယ်ရေး ၆

၆။ ပညာရေး ၆

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ၆

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၇

၉။ ကျား–မရေးရာ ကိစ္စရပ်ဆိုင်ရာ ၇

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၈–၁၀

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၁–၆၀

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၆၁–၆၄

နောက်ဆက်တွဲ(၃) ဦးစားပေးစီမံချက် အဆိုပြုလွှာ ၆၅–၆၇

## ၁။ တည်နေရာနှင့် ပထဝီအနေအထား

**နန့်လှိုင်**ကျေးရွာသည် ကချင်ပြည်နယ်၊ဗန်းမော်ခရိုင် ၊ဗန်းမော်မြို့နယ် ၊**နန့်လှိုင်**ကျေးရွာအုပ်စု၊ ဗန်းမော်– မြစ်ကြီးနားသွား ကားလမ်းပေါ်တွင်တည်ရှိပြီး တာပိန်မြစ်၏ တောင်ဘက်ကမ်းတွင် တည်ရှိပြီး ကျေးရွာ၏ မြောက်ဖက်တွင် တာပိန်မြစ်၊တောင်ဘက်တွင် ခူးလီကျေးရွာ၊ အရှေ့ဘက်တွင် မလူလာကျေးရွာနှင့် အနောက်ဖက်တွင် သာစည်ကျေးရွာ တည်ရှိသည်။ ကျေးရွာသည် ဗန်းမော်မြို့နှင့် (၁၀)မိုင်ခန့် အကွာတွင်တည်ရှိပါသည်။နန့်လှိုင်ကျေးရွာ ကုန်းမြေဖြစ်သော်လည်း ရွာ၏ နံဘေးတွင် တာပိန်ချောင်း တည်ရှိပြီး အရှေ့ဖက်တွင် မလူလာကျေးရွာ နှင့် နန့်လှိုင်တော ၊ ယာခင်းများ တည်ရှိပါ သည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန် လက်မ(၇၅%မှ၈၀%)ခန့် ရရှိသော်လည်း စိုက်ပျိုးချိန်တွင် ရေရှားပါးမှု ကြုံတွေ့ ရသည်။ကျေးရွာတွင် သဘာဝတွင်းထွက်ပစ္စည်းများထွက်ရှိခြင်းမရှိပါ။ ဆောက်လုပ်ရေး အတွက် သဲရှိ သော်လည်း အလွယ်တကူ ထုတ်ယူခွင့် မရှိပါ။ သဘာဝပေါက်ပင်များအနေဖြင့် ယခင်က တန်ဖိုးမြင့် အပင်များ ရှိသော်လည်း စည်းကမ်းမဲ့ ခုတ်ယူသူများကြောင့်လည်းကောင်း ပြည်ပလုပ်ငန်းရှင်များကို ခွင့်ပြုပေးခြင်းကြောင့်လည်းကောင်း သဘာဝပေါက်ပင်နှင့် တန်ဖိုးမြင့်အပင်များ ပျောက်ကွယ် သွားကြသည်။ နွားစာနှင့် ဆေးဖက်ဝင်(အမည်မသိ)အပင်များစွာရှိပါသည်။ သို့သော် ရွာနားမှစ၍ သစ်တောများ မြေလွတ်မြေလပ် အနည်းငယ်သာရှိတော့သည်။သဘာဝတောရိုင်း တိရစ္ဆာန်များသည် သစ်တောပြုန်းတီးမှုကြောင့် တဖြေးဖြေးရှားပါးလာပြီး မျိုးသုန်းပျောက်ကွယ် လုနီးပါးရှားပါးလာသည်။ စိုက်ပျိုးမြေဧရိယာဧက(၂၀၀၀)ကျော် ရှိသော်လည်း မိုးရေကိုသာ သုံးစွဲကြပြီး၊ လယ်ဧက (၄၇၂)ခန့်နှင့် ယာမြေ (၂၆၀)ဧက၊ ဥယျာဉ်ခြံ(၇၇)ဧက၊ မြေလွတ်မြေရိုင်း(၁၀၀၀)ကျော်ခန့် ရှိပါသည်။ စိုက်ပျိုးမြေ အားလုံးသည် စက်ရေတွင်းနှင့် မိုးရေကိုသာ အဓိကထား သုံးစွဲကြသည်။ နှစ်စဉ် မိုးခေါင်ရေကြီးခြင်း ကြောင့် စပါး၊ ပဲပြောင်း၊ စိုက်ပျိုးသလောက် ဖြစ်ထွန်းအောင်မြင်ခြင်း မရှိပါ။ ကျေးရွာတွင် နှစ်စဉ် တာပိန်မြစ်ရေကြီးခြင်းကြောင့် လယ်ဧက(၁၀၀)ကျော် ရေနစ်မြုပ်ခြင်းကို ရင်ဆိုင်နေရပါသည်။ ကျေးရွာ တွင် သဘာဝသယံဇာတအရင်းအမြစ်များ အနေဖြင့် ခဲတ်ငွေ့၊ ရေနံ၊ ကျောက်မျက်များနှင့် အခြား တွင်းထွက် သယံဇာတများ မထွက်ရှိပါ။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

နန့်လှိုင်ကျေးရွာအတွင်း အဖွဲ့ပေါင်း (၈)ဖွဲ့ ရပါသည်။လူမှုရေး/ဘာသာရေးအဖွဲ့ (၃) ဖွဲ့ရှိပြီး၊ ကျန်(၅)ဖွဲ့မှာ အုပ်ချုပ်ရေးအဖွဲ့နှင့် ကျောင်းကော်မတီအဖွဲ့၊ မိခင်နှင့်ကလေး၊ လယ်သမားအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့ဟူ၍ ရှိပါသည်။ ရပ်ရွာ၏လိုအပ်ချက်အရ ဖွဲ့စည်းထားသော ရပ်မိရပ်ဖအဖွဲ့နှင့် လူငယ် အဖွဲ့များမှ စွမ်းဆောင်နိုင်မှုလည်း ကောင်းသည်။ ကျန်အဖွဲ့အစည်းများမှာ အဖွဲ့အစည်းများကို လေ့လာ ရာတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးအတွက် သီးခြားတာဝန်များ ခွဲဝေလုပ်ဆောင်နေကြသော်လည်း မိမိတို့ကျေးရွာ၏ ဖွံ့ဖြိုးရေးကို စနစ်တကျ ဦးဆောင်နိုင်ခြင်းမရှိသေးဘဲ စွမ်းဆောင်ရည်အားနည်းနေ သေးသည်ကို တွေ့ရသည်။ ၄င်းအဖွဲ့များ၏ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည်ဖွံ့ဖြိုးရန် လိုအပ် နေသေးသည်။

ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်သော ပြင်ပအဖွဲ့အစည်း(၄)ဖွဲ့ရှိသည်။ လူမှုဖွံ့ဖြိုးရေးကို ဦးတည်လုပ်ဆောင်ပြီး မေတ္တာ၊ အလင်း၊ ကရုဏာ အဖွဲ့အစည်းများမှာ အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်ပြီး သာရေး/နာရေး ၊ငွေကြေးနှင့် စိုက်ပျိုးမွေးမြူရေးကို တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ပေးပြီး ၊ UNDP အဆောက်အဦးလမ်းတံတား ၊ သောက်ရေသုံးရေများရရှိအောင် လုပ်ဆောင်ပေးသည်ကို တွေ့ရှိရပါသည်။UNDPမှဆောက်လုပ်ပေးသော ကြိုးတံတား(၁)စင်းရှိပါသည်။ အတိုင်းအတာ မှာ အလျား၁၈၀'၊အနံ၆' ရှိပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

နန့်လှိုင်ကျေးရွာတွင် စပါး၊ပြောင်း၊မြေပဲ၊ပဲပုတ်ကို စိုက်ပျိုး လုပ်ကိုင်ကြသည်။ လယ်မြေကိုသာ အဓိကစိုက်ပျိုးကြပြီး မိုးရေနှင့်စက်ရေတွင်းကိုသာ အားထားကြရသည်။ ပျှမ်းမျှစပါးအထွက်နှုန်းမှာ တစ်ဧက(၇၅)တင်းထွက်သည်။ ပြောင်းပျှမ်းမျှ အထွက်နှုန်းမှာ ဆောင်းပြောင်း (၆၅)တင်းခန့် ထွက်သည်။ ပဲပုတ်မှာပျှမ်းမျှ (၈၀)တင်း၊မြေပဲမှာ ပျှမ်းမျှ(၄၅)တင်းခန့်၊မြေထောက်ပဲမှာ ပျှမ်းမျှ(၃၅)တင်းခန့် ထွက်ရှိပါသည်။ ကျေးရွာတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် ထွန်စက်ကြီး(၁)စင်း ၊လက်တွန်းထွန်စက် (၁၃၀)စီး၊ အစေ့ချစက်(၄၅)၊ ရိတ်စက်(၄)၊ ခြွေလှေ့စက်(၄)လုံး၊ ရေစုပ်စက်(၁၀)လုံး ရှိပါသည်။ ထွန်စက်ကြီးငှါးရမ်းသုံးစွဲလျှင်(၁)ဧက ငွေ(၃၅၀၀၀/-)ကျပ် ထွန်ယက်ခ ပေးဆောင်နေကြရသည်။ စပါးခြွေလှေ့စက် ငှါးရမ်းခမှာ စပါးတင်း(၁၀၀)လျှင် စပါး(၅)တင်း ပေးကြရသည်။ စိုက်ပျိုးရေးထွက်ကုန်များ ရောင်းချနိုင်သော်လည်း တောင်သူသီးနှံပေါ်ချိန်တွင် နှစ်စဉ်ဈေးကျပြီး တောင်သူများအရှုံးနှင့်သာ ရောင်းကြရသည်။ ဖျက်ပိုးရောဂါ နှစ်စဉ်ကျရောက်သော်လည်း နည်းပညာအားနည်းပြီး ပိုးသတ်ဆေးနှင့် စိုက်ပျိုးရေးသုံးဆေးပစ္စည်းများ ဈေးမြင့်မားသောကြောင့် တောင်သူများလိုအပ်သလောက် အသုံးမပြုနိုင်ခြင်းကြောင့် တောင်သူများအရှုံးနှင့်သာ ရင်ဆိုင်ကြရသည်။ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများ ယခုနှစ်အတွင်း ရုတ်တရက် သုံးပုံတစ်ပုံခန့်ဈေးမြင့်တက် သုံးစွဲနေကြရသည်။ ကျေးရွာရှိအိမ်ထောင်စုများ မြက်ရိတ်စက်(၁၀) မရှိသေးချေ။

### (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါးမွေးမြူကြသော်လည်း စီးပွါးဖြစ်မွေးမြူလေ့မရှိ။ တစ်ပိုင်တစ်နိုင်သာ မွေးမြူလေ့ရှိကြသည်။ ကျွဲ ၊နွားကို တစ်ပိုင်တစ်နိုင်မွေးမြူကြသော်လည်း စားကျက်မြေမရှိသောကြောင့် အခက်အခဲများစွာ ရှိပါသည်။ မွေးမြူရေးလုပ်ကိုင်သူ(၁၅)အိမ်ရှိပါသည်။

### (ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကိုသာအဓိကလုပ်ကိုင်သောကြောင့် စိုက်မွေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း(၂)အိမ်(ဆန်စက်)၊ ဈေးရောင်း(၇)အိမ်၊ ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကိုင်သူ (၁၀)ဦးနှင့် ထုတ်ကုန်လုပ်ငန်းများမရှိပါ။ ဈေးကွက် အခြေအနေကို ကောင်းစွာနားမလည်ခြင်းမရှိပါ။ ချေးငွေရရှိရန် ခက်ခဲမှုရှိပါသည်။ အသေးစားအလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ဆောင်မှုများလည်း အလွယ်တကူ မရရှိကြပါ။ အသက်မွေးဝမ်း ကျောင်းပြုနိုင်သော

ပညာတစ်ခုခုတတ်မြောက်မှုတွင်လည်း ကျွမ်းကျင်စွာ တတ်မြောက်ခြင်းမရှိကြပါ။ထို့ကြောင့် အသက်မွေးဝမ်းကျောင်း သင်တန်းများ တက်ရောက်လိုကြသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

သမဝါယမချေးငွေ ၊ စိုက်ဘဏ် နှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းဟူ၍ ငွေချေးခြင်း ၃မျိုးရှိသည်။ ၃ ခုလုံးမှာ ကာလတို/လတ် ချေးငွေများဖြစ်ပြီးလိုအပ်သည့် အချိန်၊လိုအပ်သလောက် မရနိုင်ကြပါ။ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အနီးကပ်ကြီးကြပ် ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီ ဖွဲ့စည်းလျက် ကျေးရွာသူကျေးရွာသားများသို့ အတိုးနှုန်း ၅ဝပြားမှ ၁ကျပ်၅ဝပြားအထိ သက်သာသောအတိုးနှုန်းဖြင့် ထုတ်ချေးလျက် ရှိပါသည်။ချေးငွေကာလမှာ တစ်နှစ်ဖြစ်ပါသည်။ထို့ပြင် မဟာချေးငွေ လုပ်ငန်းလည်း ရှိပါသည်။မရွှေ့မပြောင်းနိုင်သော ပုံသေပိုင်ပစ္စည်းအား အာမခံအနေဖြင့် ထားရှိရပြီး ပိုင်ဆိုင်မှု၏ သုံးပုံတစ်ပုံကို ချေးငွေအဖြစ် ရရှိပါသည်။အတိုးနှုန်းမှာ မြစိမ်းရောင်ချေးငွေထက် ပိုမိုပေးဆောင်ကြရသည်။အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများရရှိရန် လိုအပ်သည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် လှေသမ္ဗာန် (–)စင်း၊စက်လှေ(–)၊ စက်ဘီး (၄)စင်း၊ မော်တော်ဆိုင်ကယ်(၁၁၀)စီး၊ ထော်လာဂျီ(၄၃)စီး၊ ကား(၆)စီး၊ သုံးဘီးဆိုင်ကယ်(၂)စီး၊ နွားလှည်း(၄၃)ရှိပါသည်။ သယ်ယူပို့ဆောင်ရေးတွင် မော်တော်ကားနှင့် ထော်လာဂျီကို အသုံးပြုကြသည်။

ကျေးရွာတွင်းလမ်းများမှာ ကွန်ကရစ်လမ်းနှင့် မြေလမ်းများဖြစ်သည်။ ကွန်ကရစ်လမ်း ဖြစ်သော်လည်း တာပိန်မြစ်ရေအား မိုးအခါတွင် စက်လှေဖြင့်ကူးကြရပြီး၊ သီးနှံပေါ်ချိန်တွင် ပေါ်တွန်းဖြင့် သယ်ယူကြရသည်။ တစ်ဖက်ကမ်းတွင်လည်း မြေလမ်းများဖြစ်ပြီး မိုးအခါတွင် ရွှံ့ဗွက်များဖြင့် သွားလာရ အလွန်ခက်ခဲပါသည်။ ထို့ကြောင့်လမ်းနှင့် တံတား ပြုပြင်တည်ဆောက်ပေးရန် လိုအပ်လျက်ရှိသည်။ ကျေးရွာတွင်း တံတားမရှိပါ။ကျေးရွာပြင်ပတွင် ရွာချင်းဆက်လမ်းမှာ ကတ္တရာလမ်းဖြစ်ပါသည်။

**(ခ) ကျေးရွာမီးလင်းရေး**

နန့်လှိုင်ကျေးရွာတွင် အိမ်ခြေ (၁၅၃)အိမ် ရှိသော်လည်း မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသုံးစွဲသူ(၉၆)အိမ်၊ဆိုလာအသုံးစွဲသူ(၁၅၃)အိမ်၊ဒီဇယ်အင်ဂျင်(–)၊အခြား(–)အိမ် ရှိပါသည်။ မဟာဓါတ်အားလိုင်းသွယ်တန်းပြီးဖြစ်သော်လည်း မီတာဘောက်တပ်ဆင်ခ မတတ်နိုင်ပဲ ဆိုလာစနစ်ဖြင့် သုံးစွဲသောအိမ်ထောင်စု (၁၅၃)ခန့်သည် မီတာဘောက်တပ်ဆင်ရန် ကျန်ရှိနေသည်ကို တွေ့ရသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာတွင် တစ်ရွာလုံးဖုန်းအသုံးပြုနိုင်ကြပြီး တယ်လီဖုန်းအရေအတွက် (၂၉) လုံးရှိပြီး အမ်ပီတီ၊ တယ်လီနော ၊ မိုင်တဲ ၊အူရီဒူးလိုင်းများကို အများဆုံးအသုံးပြုကြသည်။ ရေဒီယို အလုံး(၂) ရှိသဖြင့် သုံးစွဲသူအသင့်အတင့်ရှိသည်။ တီဗီ (၅၂)လုံးနှင့် ဂြိုလ်တုစလောင်း (၅၄) လုံးရှိ သည်။

**၆။ ပညာရေး**

နန့်လှိုင်ကျေးရွာတွင် အလယ်ကျောင်းကျောင်း(ခွဲ) အဆင့်သာဖြစ်ပြီး ကျောင်းဆောင် (၂) ဆောင်ရှိပါသည်။ ကျောင်းဆောင်အသစ်မှာ (လ၇၀ပေxန၂၅ပေx၁၅ပေ)အဆောင် (၁)ဆောင်၊ ပင်မ ကျောင်းဆောင်(လ၁၀၀ပေxန၂၀ပေx၁၂ပေ)(၁)ဆောင်၊စုစုပေါင်း ကျောင်းဆောင်(၂)ဆောင်သာ ရှိပါ သည်။ ကျောင်းသောက်ရေသန့်အနေဖြင့် သောက်သုံးရန်လုံလောက်ပြီး သင့်တော်ပါသည်။ စာသင် ကျောင်းဝင်းအတွင်း ရေအရည်အသွေးကောင်းမွန်ပါသည်။ ကျောင်းတွင် သန့်ရှင်းသောသောက်ရေ ရရှိရေးအတွက် ရေသန့်စက်လည်း ရှိပါသည်။

စာမတတ်သော လူဦးရေများမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြသည်။ကျား(၂၂)ဦး၊ မ(၂၅)ဦး ရှိပြီး ရာခိုင်နှုန်းအားဖြင့် ကျေးရွာလူဦးရေ၏ (၆.၃၅%) များဖြစ်ကြသည်။ မူလတန်းအဆင့် စာတတ်မြောက် သည့် ကျား(၄၆)ဦး၊မ(၄၇)ဦး စုစုပေါင်း(၉၃)ဦးရှိပြီး ကျေးရွာလူဦးရေ၏ (၁၁.၇၇%) ရှိပါသည်။ အလယ်တန်းအဆင့် စာတတ်မြောက်သူ ကျား(၅၂ဦး၊မ(၄၇)ဦး ရှိပြီး ကျေးရွာလူဦးရေ၏ စုစုပေါင်း (၉၉)ဦးရှိပြီး (၁၂.၅၃)ရာခိုင်နှုန်းအထိ ရှိပါသည်။ အထက်တန်းအဆင့်တတ်မြောက်သူ ကျား(၃)ဦး ၊မ(၃)ဦးရှိပြီး ကျေးရွာလူဦးရ၏ (၀.၇၅%)နှင့် တက္ကသိုလ်အဆင့်ထိ စာတတ်မြောက်သူ ကျား(၁၀)ဦး ၊မ(၁၀)ဦးရှိပြီး (၂.၅၃%) ရှိသည်။

**၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် နှစ်စဉ်ကာကွယ်ဆေးများပုံမှန်ထိုးပေးလေ့ရှိသော်လည်း အာဟာရပညာပေး အစီ အစဉ်များမရှိပါ။ ကျေးရွာတွင် ရောဂါဖြစ်ပွားမှုနိမ့်ကာ ကျန်းမာရေးအသင့်အတင့် ကောင်းမွန်ကြသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန ရှိပါသည်။ မြို့နယ် ဆေးရုံသို့သွားလိုလျှင် မိုင် (၁၀) မိုင်ခန့် ဝေးသည်။ အရေးပေါ်အခြေအနေများတွင် မြို့နယ်ဆေးရုံများသို့ ပို့ဆောင်ရန် လမ်းခရီး အခက်အခဲ မရှိသော်လည်း စစ်တပ်ကိုဖြတ်ပြီး သွားရသော အခြေအနေများက ခက်ခဲမှုများကို ဖြစ်စေပါသည်။

ကျေးရွာတွင် သောက်ရေတွင်းများမှာ အဝီစိတွင်းစက်တပ်(၃)၊အဝီစိတုံကင်(၁၄၇)၊ မြစ်ရေ/ ချောင်းရေ(–)၊ရေကန်(–)ရှိပါသည်။ ရေအရည်အသွေး ကောင်းမွန်ပါသည်။ ရေအရည်အသွေး စစ်ဆေး ထားခြင်း ရှိပါသည်။ ကျေးရွာတွင် သန့်ရှင်းသောယင်လုံအိမ်သာအနေဖြင့် ရေဆွဲအိမ်သာ(–)၊ ယင်လုံအိမ်သာ(၁၄၄)၊တွင်းရှိအိမ်သာ(၉)ရှိပါသည်။ယင်လုံအိမ်သာ သုံးစွဲမှု လိုအပ်နေသေးကြောင်း တွေ့ရှိရပါသည်။

**၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**

အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု(၃၀)သည် မြေယာအနည်းငယ်ပိုင် တောင်သူ၊ မြေယာမဲ့တောင်သူနှင့် လက်လုပ်လက်စားကျပန်းများသည် သဘာဝဘေးအန္တရာယ်နှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေကြုံတွေ့ပါက ထိခိုက်ခံစားရလွယ်ကူ နိုင်ပါသည်။ မြစ်ကမ်းဘေး

တွင်နေထိုင်သူများသည်လည်း အချိန်မရွေးမြေပြိုခြင်းအန္တရာယ်ကျရောက်နိုင်သဖြင့် ထိခိုက်ခံစား ရလွယ်ကူပါသည်။ ဆေးစွဲသူများမှာ ကူးစက်ရောဂါ အလွယ်တကူသောကြောင့် ထိခိုက်ခံစား လွယ်ကူ နိုင်ပါသည်။

မြေဆီလွှာအခြေအနေ၊ အပင်မျိုးစိတ်များ၊ ရေအရင်းအမြစ်၊ ငါးမျိုးကွဲများ၊ တိရစ္ဆာန်မျိုးကွဲများ နှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတို့တွင် အန္တရာယ်ရှိမှု လတ်ဖြစ်သည်။ သဘာဝပေါက်ပင်နှင့် တိရစ္ဆာန် မျိုးစိတ်များကို ထုတ်ယူသုံးစွဲခြင်းကြောင့် ရှားပါးလာပြီဖြစ်သည်။ တိရစ္ဆာန်ကူးစက်ရောဂါများ အနည်းငယ် ရှိသည်။ရာသီဥတုဖောက်ပြန်ခြင်းနှင့် ဓာတုဆေးများကို စနစ်တကျသုံးစမှုမရှိခြင်း၊ အလွန်အကျွံသုံးစွဲနေခြင်းကြောင့် ဖျက်ပိုးနှင့် မှိုရောဂါ ကာကွယ်ထိန်းချုပ်မှုတွင်လည်း အန္တရာယ်ရှိမှု မြင့်ဖြစ်သည်။

## ၉။ ကျား–မရေးရာ ကိစ္စရပ်ဆိုင်ရာ

နန့်လှိုင်ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင် ဆောင်ရွက်ကြသည်။ စီမံအုပ်ချုပ်မှုပိုင်းတွင် အမျိုးသမီးများ ပါဝင်ခြင်းမရှိပေ။ကျေးရွာရှိ အမျိုးသမီးများ သည် မျိုးသားများနှင့် တန်းတူ အလုပ်လုပ်ကိုင်ကြရသော်လည်း လုပ်အားခတန်းတူ မရရှိကြပေ။ အမျိုးသမီးများအား အကြမ်းဖက်မှု မရှိသော်လည်း အကြမ်းဖက် မှုများတွင် ကာကွယ်ရမည့် တရား ဥပဒေဆိုင်ရာအသိပညာများ အားနည်းကြပါသည်။ အိမ်တွင်းအကြမ်းဖက်မှုကာကွယ်ခြင်းဥပဒေ သင်တန်းများ၊ ကာကွယ် စောင့်ရှောက်နည်းသင်တန်းများ၊ ကိုယ်ခံပညာသင်တန်းများဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၆ | အခြားအစာပြောင်းလဲစား = ____မရှိ______<br>အစာလျှော့စား = _____မရှိ______<br>အထောက်အပံ့ယူ = ______ရှိ_____<br>ချေးယူ = _____ရှိ______<br>လုပ်အားခကြိုယူ = _____ရှိ______ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၆ | အခြားအစာပြောင်းလဲစား = ______မရှိ_____<br>အစာလျှော့စား = _____မရှိ______<br>အထောက်အပံ့ယူ = ______ရှိ_____<br>ချေးယူ = ____ရှိ_______<br>လုပ်အားခကြိုယူ = _____ရှိ______ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အဆင့် (၃) ၃၄ အိမ်နှင့် အဆင့် (၄) ၈ အိမ်ရှိသောကြောင့် ဝမ်းစာဖူလုံမှုနှင့် အကြွေးတင်ရှိမှုစစ်တမ်းကို အဆင့် (၃) မှ ၃၄ အိမ်နှင့် အဆင့် (၄) မှ ၈ အိမ်ကို စစ် တမ်းကောက်ယူရမည်ဖြစ်သည်။**

### (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | | ၄ | ၄ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၅ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် | - | | |

ကျေးရွာအတွင်းရှိ ကျန်းမာရေးကောင်းမွန်၍ ထက်မြက်သွက်လက်သော အမျိုးသမီးများကို ပထမဦးစွာရွေးထုတ်၍ တာဝန်ပေးဆောင်ရွက်သင့်လှပေသည်။ကျေးရွာဖွံ့ဖြိုးရေးသည် ကျေးရွာအတွင်းရှိ အမျိုးသမီးများနှင့် လုံးဝသက်ဆိုင်ပါသည်။ အမျိုးသမီးကဏ္ဍအား ချန်လှပ်ထား ၍ မဖြစ်နိုင်ပါ။အမျိုးသမီးများအား ဦးစားပေး ဆက်ဆံသင့်ကြောင်းလေ့လာ တွေ့ရှိရ ပါသည်။

**(က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | အလင်း | ၁☐ ၂☒ ၃☒ ၄☐ ၅☐ ၆☒ ၇☒ | ပညာရေး ☐ ငွေကြေး ☒<br>ကျန်းမာရေး☒ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☒<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၂ | မေတ္တာ | ၁☐ ၂☒ ၃☒၄☒ ၅☒ ၆☒ ၇☒ | ပညာရေး ☐ ငွေကြေး ☒<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☒ |
| ၃ | ကရုဏာ | ၁☐ ၂☒ ၃☒ ၄☐ ၅☐ ၆☒ ၇☒ | ပညာရေး ☐ ငွေကြေး ☒<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☒ |
| ၄ | UNDP | ၁☐ ၂☒ ၃☐ ၄☒ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (ဥပမာ – **ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (ဥပမာ–**ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (ဥပမာ GIZ, UKAid, USAid, **စသည်**)

## (၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဇရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၃ | မြစ်ရေတင် စီမံကိန်း | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၄ | ရေသွင်းမြောင်း | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၅ | အဝီစိတွင်း | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၆ | လက်ငင် ရေတွင်း | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၇ | စိမ့်စမ်းရေ | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၈ | ချောင်းရေ | ၄၇၂ | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☒ မဖြေဆိုပါ☐ | ရှိ☐ မရှိ☒ မဖြေဆိုပါ ☐ |

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊** (၂) **ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ နန့်လှိုင်ကျေးရွာတွင် လယ်ဧကစုစုပေါင်း ဧက(၄၇၂ )ကျော်ခန့်သည် တာပိန်ချောင်းရေသောက် စိုက်ပျိုးရေကို ရရှိပါသည်။ မိုးခေါင်ခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် ဆည်မှ စိုက်ပျိုးရေလုံလောက်မှု မရကြတော့ပါ။ယာဧက(၂၆၀)၊ ဥယာဉ်ခြံ (၇၇)ဧကနှင့် ကိုင်း ကျွန်းမြေ (၁၉) ဧက ရှိပြီး သွင်းရေမရကြပါ။ မိုးရေကိုသာ အားကိုး စိုက်ပျိုးရသောကြောင့် စိုက်ပျိုး ရေလိုကို လုံလောက်စွာရရှိပါသည်။ သီးနှံအထွက်နှုန်းအသင့်အတင့် ရှိပါသည်။ တာပိန်ချောင်းမှ ရေကို လိုသလောက် စက်နှင့်စုပ်တင်ကြရသည်။ တစ်နှစ်ပတ်လုံးအတွက် ရေလုံလောက်စွာ ရရှိပါသည်။ မိုးဆက်တိုက်ရွာသွန်းလျှင် ရိတ်သိမ်းချိန်မတန်ပဲ မြေပဲခင်းများ ရေနစ်ဆုံးရှုံးရခြင်းများ ရှိပါသည်။

## (၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစု ပေါင်း စိုက် | တစ်ဧက အထွက်နှုန်း | သီးနှံ စိုက်ပျိုး သည့် ကာလ | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို | အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို |
|---|---|---|---|---|---|

| | ကေ | ယူနစ် | အနည်းဆုံး | အ များဆုံး | ပျှမ်းမျှ | မှ | ထိ | သာ ရွေးရန်) | သာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| စပါး(မိုး) | ၄၇၂ | တင်း | ၆၀ | ၁၀၀ | ၇၅ | ၆ လ ပိုင်း | ၁၀လ ပိုင်းထိ | မြင့်☐ လတ်☒ နိမ့်☐ | မြင့်☐ လတ်☐ နိမ့်☒ |
| ဆောင်း/မိုး ပြောင်း | ၁၄၈ | တင်း | ၅၀ | ၁၀၀ | ၇၅ | ၁၂ လ ပိုင်း | ၅လ ပိုင်းထိ | မြင့်☐ လတ်☐ နိမ့်☒ | မြင့်☐ လတ်☒ နိမ့်☐ |
| ပဲပုတ်(၂သီး) | ၁၀ | တင်း | ၂၅ | ၃၅ | ၃၀ | ၄ လ ပိုင်း | ၈လ ပိုင်းထိ | မြင့်☐ လတ်☒ နိမ့်☐ | မြင့်☐ လတ်☒ နိမ့်☐ |
| မြေပဲ | ၈ | တင်း | ၃၀ | ၄၅ | ၄၀ | ဇွန် | ဒီဇင်ဘာ | မြင့်☐ လတ်☒ နိမ့်☐ | မြင့်☐ လတ်☒ နိမ့်☐ |
| စပါး(နွေ) | ၅၀ | တင်း | ၅၀ | ၈၀ | ၇၀ | ဒီဇင်ဘာမှမတ် | | မြင့်☐ လတ်☒ နိမ့်☐ | မြင့်☐ လတ်☒နိမ့်☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ နန့်လှိုင်ကျေးရွာတွင် အဓိကစိုက်ပျိုးသောသီးနှံများမှာ စပါး၊ပြောင်း၊ ပဲပုတ်၊ မြေပဲတို့ ဖြစ်ပါသည်။ စပါးစိုက်ကေပေါင်း (၄၇၂) ကေရှိ ပြီး ပြောင်းစိုက်ကေ(၃၀၀)ခန့်၊ ပဲပုတ်စိုက်ကေ(၁၀)၊ မြေပဲစိုက်ကေ(၈)၊ နွေစပါးစိုက်ကေ(၅၀)နှင့် ကုန်းမြင့်ပိုင်းတွင် ရာဘာကို အနည်းငယ် စိုက်ပျိုးသည်။ စိုက်ကေ(၆၈၈)တွင် စုစုပေါင်းဆောင်းသီး နှံစိုက်ကေ(၁၆၆)ကျော် ခန့်ရှိပါသည်။ စပါးနှင့်ပဲပုတ်ကို(၂)သီး စား စိုက်ပျိုးပါသည်။

မိုးစပါးကို ဇွန်လတွင်စိုက်ပျိုးပြီး အောက်တိုဘာလတွင် ရိတ်သိမ်းကြသည်။ မိုးရာသီတွင် ရေကြီးခြင်းကြောင့် ပုံမှန်ထွက်နှုန်းမရကြပါ။တခါတရံရေကြီးသဖြင့် ဘာမှရလိုက်ကြသည်လည်း ရှိသည်။ အများဆုံးထွက်နှုန်းမှာ ၁၅ တင်းအထိသာရကြသည်။ မြေတစ်နေရာတည်းတွင် ပြောင်းကို နှစ်စဉ် ဆက်တိုက် စိုက်ပျိုးခြင်းကြောင့် စိုက်ပျိုးမြေများ မြေဆီလွှာများ တဖြည်းဖြည်းညံ့လာပြီး တစ်နှစ် ထက်တစ်နှစ် သီးနှံအထွက်လျော့လာသည်ကိုတွေ့ရသည်။ သွင်းအားစု လိုအပ်ချက်မြင့်ပြီး အမြတ်ရ ရှိနိုင်မှုနိမ့်သည်။ မြေပဲ၊မြေထောက်ပဲ၊ပဲပုတ် စိုက်ပျိုးရာတွင် သွင်းအားစု လတ် ဖြစ်ပြီး အမြတ်ရရှိမှု မှာလည်း လတ်ဖြစ်သည်။ နာနတ်စိုက်ပျိုးလျှင် သွင်းအားစု လတ် ဖြစ်ပြီး အမြတ်ရရှိမှု လတ် ဖြစ်သည်။

### (၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| **ထွန်စက်** | ၁ | | | |
| **လက်တွန်းထွန်စက်** | ၁၃၀ | | | **ရာသီအပြတ်ငှါးပါက တစ်ရာသီ စပါး (၅၀) တင်းနှင့် တစ်ရက်ငှါးခ စပါး ၅ တင်းပေးရသည်။** |
| **အစေ့ချ ကိရိယာ** | ၄၅ | | | |
| **ရိတ်သိမ်းခြွေလှေ့စက်** | | | | |

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် ကျေးရွာသူ/သားများမှ နှစ်စဉ် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းကို ပူးပေါင်းဆောင်ရွက်သွားပါမည်။

ဥက္ကဌ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊
နန့်လှိုင်ကျေးရွာ၊
နန့်လှိုင်ကျေးရွာအုပ်စု
ဗန်းမော်မြို့နယ်။